# ပိတောက်ကျေးရွာ

# မြိတ်မြို့နယ်၊ မြိတ်ခရိုင်

# တနင်္သာရီတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ – ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပိတောက်ကျေးရွာ၊ မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်မှကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊မေလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ပိတောက်ကျေးရွာသယံဇာတပြမြေပုံ၊မြိတ်မြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး | ၉ |
| | (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၁၀ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၆။ | **ပညာရေး** | ၁၁ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၂ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃ |
| ၉။ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၃ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၄ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၇ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၈ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၅ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၆၂ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၄ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၆ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုး ပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာ စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

မေလ၊၂၀၂၀ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပိတောက်ကျေးရွာ
မြိတ်မြို့နယ်

## ပိတောက်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်



## ပိတောက်ကျေးရွာ Seasonal Calendar



# ပိတောက်ကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပိတောက်ကျေးရွာသည် မြိတ်မြို့နယ်၊ နန်းတော်ရာကျေးရွာအုပ်စုတွင်ပါဝင်ပြီး မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၈ မိနစ် ၀၇ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ်၉၈ဒီဂရီ ၄၄ မိနစ်၁၉စက္ကန့်တွင် တည်ရှိပါသည်။ ကျေးရွာသည်ကုန်းမြင့်ဒေသတစ်ခုဖြစ်ပြီးဘုတ်–မဇောပြင်ကြီးစီမံကိန်းလမ်းဘေး မိုင်တိုင်အမှတ်(၂၉.၅)တွင်တည်ရှိပါသည်။ မြိတ်မြို့မှ (၂၉)မိုင်ခန့်ဝေးကွာပြီး အုပ်စုကျေးရွာဖြစ်သည့် နန်းတော်ရာကျေးရွာမှ(၁၁)မိုင်ကွာဝေးပါသည်။ ပိတောက်ရွာ၏ ဧရိယာမှာ စတုရန်းမိုင်ကျယ်ဝန်းပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ဒေါကျေးရွာတည်ရှိပြီး အနောက်ဘက်အရပ်တွင် ဓါးသွေးကျေးရွာ၊ ကောင်းမှုကျေးရွာ တို့တည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပိတောက်ကျေးရွာ၏ရာသီဥတုမှာ ပူနွေးစိုစွတ်သောရာသီဥတုကိုပိုင်ဆိုင်ထားပါသည်။ အမြင့်ဆုံးအပူချိန်မှာ ၃၅ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ၂၄ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ဥယျာဉ်ခြံလုပ်ငန်းကို အဓိကလုပ်ကိုင်သောရွာဖြစ်သောကြောင့် ကွမ်းသီးနှင့်ရာဘာကိုလုပ်ကိုင်ကြပါသည်။ မိုးရာသီတွင် မိုးများသောကြောင့် ချောင်းရေကြီးခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ သဘာဝပေါက်ပင်များလည်း အသင့်အတင့်ပေါက်ရောက်မှုရှိပါသည်။အိမ်ခြံမြေများတွင်လည်းရာသီအလိုက်ပန်းပင်၊ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်းစိုက်ပျိုးကြပါသည်။မြေဆီလွှာအရည်အသွေးမှာအသင့်အတင့်ကောင်းမွန်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ပိတောက် ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၄၆) အိမ်ရှိပြီး လူဦးရေပေါင်း (၂၁၂) ဦး ရှိပါသည်။ ပိတောက်ကျေးရွာတွင်းရှိ အဖွဲ့အစည်းများတွင်အုပ်ချုပ်မှု စီမံကွပ်ကဲမှုအပိုင်း၌ အမျိုးသမီးပါဝင်ခြင်းမရှိပေ။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့အချင်းချင်းသည် စည်းလုံးစွာဖြင့် ဆောင်ရွက်ကြသော်လည်း ချိတ်ဆက်လုပ်ဆောင်နိုင်မှု အားနည်းပါသည်။ ရပ်မိရပ်ဖအဖွဲ့မှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ပူးပေါင်းလုပ်ဆောင်ပေးနေပါသည်။ မီးသတ်တပ်ဖွဲ့ဝင်များမှာ ကျေးရွာအုပ်စုအတွင်းရှိ လုံခြုံရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ပေးနေပါသည်။ ကျောင်းအကျိုးတော်ဆောင် အဖွဲ့မှာလည်း ကျောင်း၏ လိုအပ်ချက်များနှင့် ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲမရှိစေရန် အလေးထားဆောင် ရွက်နေပါသည်။

အိမ်ထောင်ငယ်အဖွဲ့၊ ကာလသား/သမီးအဖွဲ့ စသည်တို့သည် ကျေးရွာ၏ သာရေးနာရေးနှင့် အခြားသော ပရဟိတလုပ်ငန်းများတွင် အတူတကွ စုပေါင်းလုပ်ကိုင်နေကြပါသည်။ ယခုအခါတွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကိုကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပိတောက်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် (ARC American Refugee Committee) လူထုအခြေပြု အဖွဲ့အစည်းတစ်ခုသာရှိပြီး ကျေးရွာ၏ ကျန်းမာရေးကဏ္ဍအတွက် ဦးစားပေး လုပ်ဆောင်ပေးနေပါသည်။ သို့သော် ကျန်ရှိသောကဏ္ဍများအတွက် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသည့် အခြားသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (က)သီးနှံ စိုက်ပျိုးရေး

ပိတောက်ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ မရှိပါ။ ဥယျာဉ်ခြံမြေ (၄၇၁.၆၃) ကေနှင့် ဓနိတောမြေ (၂၀) ကေ၊စားကျက်မြေ(၂၀)ကေနှင့် မြေလွတ်မြေလပ်(၈၀)ကေ စုစုပေါင်း (၅၈၇.၆၃) ကေ ရှိပါသည်။ ၂.၅ ကေအောက် ဆင်းရဲ သားတောင်သူ (၃) အိမ် ထောင်စု၊ ၂.၅ကေမှ ၅ ကေကြား တောင်သူငယ် (၄) အိမ်ထောင်စု၊ ၅ ကေမှ ၁၂.၅ ကေကြား တောင်သူလတ် (၁၉) အိမ်ထောင်စု၊ ၁၂.၅ ကေအထက် တောင်သူကြီး (၁၅) အိမ်ထောင်စုစသည်တို့ ရှိကြပြီး အဓိကအားဖြင့် ကွမ်းသီး၊ ရော်ဘာနှင့် ဥယျာဉ်ခြံသီးနှံများကို အားထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စု၏ (၁၀.၈၆%)ကျော်ရှိပြီး အများစုသည်နေ့စားကျပန်း သွားရောက်လုပ်ကိုင်နေကြ ပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေနှင့်ချောင်းရေကိုသာအဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းရှိ စိုက်ပျိုးရေး လုပ်ကိုင်သည့် အိမ်ထောင်စုများတွင် တစ်ဦးချင်းပိုင် ရေစုပ်စက် (၂) လုံးနှင့် မြက်ရိတ်စက် (၁၇) လုံးရှိပါသည်။ မြေဆီလွှာမကောင်းခြင်း၊ ငွေကြေးမလုံလောက်ခြင်း၊ ဓာတ်မြေသြဇာလုံလောက်စွာ မသုံးစွဲနိုင်ခြင်း၊ ကျေးရွာတွင် စိုက်ပျိုးရေးနည်းပညာများ သိရှိအသုံးချမှုနည်းပါးခြင်း စသည်တို့ကြောင့် သီးနှံအထွက်နှုန်း နည်းပါးနေပါသည်။

ရော်ဘာဈေးကွက်သည်ယခုအချိန်တွင် ဈေးနှုန်းကျဆင်းလျက်ရှိပြီးအချို့ရော်ဘာခြံများသည် ထုတ်လုပ်မှုအား ရပ်တန့်ထားကြပါသည်။ ကွမ်းသီးထွက်ရှိသလောက် ပုံမှန်ရောင်းချနိုင်သဖြင့် ဈေးကွက်ဝင်သီးနှံအဖြစ် ရပ်တည်လျက် ရှိပါသည်။

ပိတောက် ကျေးရွာ၏ရာသီဥတုမှာ မိုးများသော ဒေသဖြစ်ပါသည်။ သီးနှံမျိုးစေ့မှာ ဒေသမျိုးတစ်ခုကိုသာ သုံးစွဲနေသော်လည်း တောင်သူများအား မျိုးကောင်းမျိုးသန့် သုံးစွဲမှုနှင့် ပတ်သက်၍ ပညာပေးသင်တန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ တောင်းခံနိုင်ပြီး တောင်သူများလက်ခံကျင့်သုံးလာနိုင်လျှင် သီးနှံအထွက်နှုန်းများ တိုးတက်လာပေမည်။ မြေဆီလွှာမကောင်းခြင်း၊ သီးနှံအထွက်နှုန်း နည်းပါးမှုများ၊ ပိုးမွှားရောဂါကျရောက်မှုများ ကြုံတွေ့နေရသဖြင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး သင်တန်းများ လိုအပ်နေပါသည်။

**(ခ)မွေးမြူရေးနှင့် ငါးလုပ်ငန်း**

ပိတောက်ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၃) အိမ်ရှိပြီး နွားကောင်ရေ (၁၅) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၂) စုမှ (၇) ကောင်၊ အိမ်ထောင်စု (၆) အိမ်မှ ဆိတ် (၃၄) ကောင်၊ အိမ်ထောင်စု (၂၄) အိမ်မှ ကြက် (၁၅၈) ကောင်၊ အိမ်ထောင်စု (၂) အိမ်မှ ဘဲ (၃) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ တိရစ္ဆာန်ရောဂါကျရောက်မှုရှိသည့်အတွက် မွေးမြူရေးနှင့်ကုသရေးဆိုင်ရာနည်းပညာ ဗဟုတအားနည်းသဖြင့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ နည်းပညာဝန်ဆောင်မှုများနှင့် သင်တန်းများပံ့ပိုးပေးပါက စီးပွားဖြစ်မွေးမြူနိုင်ကြပြီး ဈေးကွက်ဝင်မည်ဖြစ်ပါသည်။

ပိတောက်ကျေးရွာမှ မြိတ်မြို့သို့ နေ့တိုင်းသွားလာနေသည့် ကားများရှိသည့်အတွက် မွေးမြူရေးအစာ၊ ဆေးများကို အလွယ်တကူဝယ်ယူရရှိနိုင်သည်။ မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ နည်းပညာ၊ ဗဟုတအားနည်းသဖြင့် နည်းပညာဝန် ဆောင်မှုများနှင့် သင်တန်းများ ပံ့ပိုးပေးပါက စီးပွားဖြစ်မွေးမြူသူဦးရေများလာနိုင်ပြီး ဈေးကွက်၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ပေမည်။ ချေးငွေများ အလွယ်တကူ မရရှိသည့်အတွက် ကာလရှည်ချေးငွေများ ထုတ်ချေးပေးရန်လိုအပ်နေပြီး မွေးမြူရေးထုတ်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ခြင်းများ ရှိသည့်အတွက် ဈေးကွက်မီအောင် ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

**(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ပိတောက်ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းများအဖြစ် ဈေးရောင်း၊ လက်ဖက်ရည်ဆိုင်၊ ခနိဖက်ထိုးလုပ်ငန်း၊ လက်သမား၊ ပန်းရံ၊ တက္ကစီ၊ စသည်တို့ကို လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သား အများစု သည် ကုန်ထမ်း၊ ပန်းရံလုပ်ငန်းဖြင့်

ဝင်ငွေရရှိရန် လုပ်ကိုင်ကြပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာလည်း မြိတ်မြို့နှင့်နေ့တိုင်းသွားလာနေသည့် မော်တော်ကားရှိပါသည်။အခြားကျေးရွာများနှင့် နှိုင်းယှဉ်လျှင် ကျေးရွာတွင် မီးတိုင်၊ မီးကြိုးများနှင့် ထရန်စဖော်မာပုံးများ ရောက်ရှိနေသော်လည်း မီးချိတ်ဆက် မသွယ်တန်းနိုင်သေးပါ။ ယခုလက်ရှိအချိန်တွင် ကျေးလက်ဦးစီးဌာနမှ ဆိုလာမီးဖြင့် ကျေးရွာတွင် မီးလင်းမှုရရှိနေပါသည်။

ပိတောက်ကျေးရွာတွင် နေထိုင်သူများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့် အတွက်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများလိုအပ်ခြင်း၊အရင်းအနှီးငွေ များလိုအပ်ခြင်း၊ ကာလရှည်ချေးငွေလိုအပ်ခြင်များ၊ ကျေးရွာတွင် လျှပ်စစ်မီး မရှိသည့်အတွက် လုံခြုံရေး၊ ပညာရေး၊ လူမှုရေး စသည့်ကိစ္စများတွင် အရာရာနှောင့်နှေးနေမည်ဖြစ် ပါသည်။

## (ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ ရာဘာ၊ ကွမ်းသီး၊ ဓနိဖက်နှင့် ဟင်းသီးဟင်းရွက်တို့ပါဝင်ပါသည်။ မြိတ်မြို့နှင့်(၂၉)မိုင်ခန့်ကွာဝေးသည့် ကျေးရွာတစ်ရွာ ဖြစ်၍ ကျေးရွာထုတ်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ပါသည်။

## (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ပိတောက်ကျေးရွာတွင်လယ်ယာမြေလုပ်ကိုင်မှုများမရှိသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေများလည်းမရှိပါ။ အဖွဲ့လိုက် ငွေစုငွေချေးအစီအစဉ်၊ ငွေချေးပေးမှုနှင့် အပေါင်ဆိုင်များမှ ချေးငွေရယူမှုများမှာ လည်း ကျေးရွာတွင်မရှိပါ။ အဓိကအားဖြင့် ဆွေမျိုးများထံမှ ချေးယူကြပြီး ဘက်စုံလိုအပ်မှုအတွက် ချေးယူကြခြင်း ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၁၀%) အတိုးနှုန်းဖြစ်ပြီး အပေါင်ခံပစ္စည်း အနည်းငယ်လိုအပ်ပါသည်။ ပိုင်ဆိုင်မှုမရှိလျှင် ချေးငွေရရှိရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာပြည်သူအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားနေပါသည်။ ထိုကြောင့် အစိုးရဘဏ်များမှအတိုးနှုန်းသက်သာစွာဖြင့် ကာလရှည် ချေးငွေများထုတ်ပေးပါက မိသားစုစားဝတ်နေရေးနှင့်ကိစ္စအဝဝအတွက် မှီခိုအဆင်ပြေနိုင်ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ပိတောက်ကျေးရွာတွင် စက်ဘီးမှာ ကျောင်းသား/သူများသွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်မှာ အချို့သော သွားလာရေးကိစ္စနှင့် စီးပွားရေးကိစ္စတွင် အသုံးပြုကြပါသည်။ ဆိုင်ကယ်စီးရေမှာ (၂၄) စီး ရှိပါသည်။ ကား (၁) စီးရှိပြီး ရွာ၏ ကုန်းလမ်း သယ်ယူပို့ဆောင်ရေးကို အဓိကလုပ်ဆောင်ကြပါသည်။ ရေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်းလမ်း (၂) ခုစလုံးကို အသုံးပြုခြင်း မရှိပါ။

ပိတောက်ကျေးရွာတွင် ကျေးရွာတွင်း မြေသားလမ်း(၃)လမ်းရှိပါသည်။ မိုးရာသီတွင် ရေကြီးပြီး ဗွက်ထခြင်းများရှိသဖြင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် ကိစ္စအဖက်ဖက်မှ သွားလာရခက်ခဲနေပါသည်။ ကျေးရွာတွင်းလမ်း(၃)လမ်းလုံးသည် မြေသားလမ်းဖြစ်သည့်အတွက် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ပိတောက်ကျေးရွာတွင် မီးသုံးစွဲမှုမှာ အိမ်သုံးဆိုလာ မီးဖြင့်လည်း မိမိတို့အိမ်မီးလင်းရေးအတွက် အသုံးပြုနေသည့် အိမ်ထောင်စု (၂၃) ရှိပါသည်။ မပြေလည်သည့် အိမ်ထောင်စုများမှာ ရေနံဆီမီးခွက်၊ ဖယောင်းတိုင်ဖြင့် သုံးစွဲကြပါသည်။ အားသာချက်အနေဖြင့် ပိတောက်ကျေးရွာအတွင်းသို့ မဟာဓာတ်အားလိုင်းမှ မီးရရှိနိုင်ရန်မီးတိုင်များနှင့် Tramsformer ပုံးများရောက်ရှိနေပြီဖြစ်ပါသည်။ လျှပ်စစ်မီးရရှိလာပါက ကျောင်းသား/သူများ ပညာရေးတိုးတက်လာမှုနှင့် ကျေးရွာအတွင်းတွင် အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရန်အတွက် အထောက်အပံ့ဖြစ်စေနိုင်ပါလိမ့်မည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ပိတောက်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၄၂) လုံး၊ ရေဒီယို (၂) လုံး၊ တီဗွီ (၅) လုံး၊ ဂြိုလ်တုစလောင်း (၄) လုံး စသည်တို့မှ ရရှိပါသည်။ အင်တာနက်မှတဆင့်သတင်းအချက်အလက်နှင့်နည်းပညာရရှိမှု၊ အသိပညာဗဟုသုတ ရရှိနိုင်မှုတို့အတွက်အထောက်အပံ့ဖြစ်စေနိုင်မည်ဟု သုံးသပ်မိပါသည်။

## ၆။ ပညာရေး

ပိတောက်ကျေးရွာတွင် စာမတတ်သူဦးရေ(၂၂)ဦးရှိပါသည်။ မူလတန်းအဆင့် စာတတ်မြောက်မှုသည် စုစုပေါင်းလူဦးရေ၏ (၄၇.၆) ရာခိုင်နှုန်း၊ အလယ်တန်းအဆင့် စာတတ်မြောက်မှုသည် (၃၃.၃) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်မှုသည် (၇.၁၄) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှု သည်(၁.၄) ရာခိုင်နှုန်းရှိပါသည်။ ပိတောက်ကျေးရွာတွင် ယခုလက်ရှိ ပညာသင်ကြားနေသော လူဦးရေမှာ မူလတန်းအဆင့်တွင် (၄၂) ဦး၊ အလယ်တန်းအဆင့်တွင် (၁၂) ဦး၊အထက်တန်း အဆင့်တွင် (၈) ဦး၊ တက္ကသိုလ်အဆင့်တွင် (၃) ဦးဖြင့် ပညာသင်ယူနေကြပါသည်။

မူလတန်းအဆင့် ပညာရေးကို ကျေးရွာအတွင်း လွယ်ကူစွာ တက်ရောက်နိုင်ပါသည်။ စားဝတ်နေရေးအဆင်မပြေသော စီးပွားရေးအခက်အခဲရှိသော အိမ်ထောင်စုရှိကလေးများမှာ မူလတန်းပညာကိုသာ သင်ယူကြရသဖြင့် မူလွန်အဆင့်ပညာရေးကို မရရှိပါ။ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ရှိသည့်ကျောင်းသား/သူများသည် ဒေါကျေးရွာ နှင့် မြိတ်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ကြား ကြပါသည်။ အထက်တန်းအဆင့်အထိ တက်ရောက်နိုင်သော ကျောင်းသား/သူ ဦးရေ နည်းသဖြင့် ဘွဲ့ရဦးရေမှာ နည်းပါးပါသည်။ တက္ကသိုလ်အဆင့်ရှိသည့် ကျောင်းသား/သူများ သည် မြိတ်မြို့တွင်ရှိသည့် မြိတ်တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင် တက်ရောက်ကြပါသည်။

ပိတောက်ကျေးရွာတွင် မူလတန်းအဆင့် ပညာရေးကို သင်ယူရရှိနိုင်ပြီး လက်ရှိကျောင်းဆောင်မှာ တစ်ထပ်အုတ်ကျောင်းဆောင် ဖြစ်ပါသည်။ ကျောင်းဆောင် အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ စာသင်ကျောင်းတွင် လိုအပ်သော ပရိဘောဂပစ္စည်းများကို ဝယ်ယူဖြည့်တင်းခြင်းနှင့် အားကစားဆိုင်ရာပစ္စည်းများ ဖြည့်တင်းခြင်းတို့ ပြုလုပ်လို ကြပါသည်။ စာသင်ကျောင်းတွင် ကရင်စာနှင့် မြန်မာစာ(၂)မျိုး လုံးကို သင်ကြားပေးပါသည်။

ပိတောက်ကျေးရွာတွင် မသန်စွမ်းသူများမရှိသည့်အတွက် အစီအစဉ်များ ကြိုတင် ရေးဆွဲထားခြင်းမရှိပါ။ မူလတန်းအဆင့် ကျောင်းထွက်နှုန်း အနည်းငယ် ရှိပါသည်။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှုမရှိသည့်အတွက် သက်ဆိုင်ရာဦးစီးဌာန နှင့်ချိတ်ဆက်၍ တင်ပြရန် လိုအပ်နေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ကလေးများ ပညာသင်ကြားရေးအတွက် ယခုထက် ပိုမိုအားကောင်းစွာ လုပ်ဆောင်ပေးရန် လိုအပ်နေပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ပိတောက်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ လိုအပ်သည့် ကျန်းမာရေးဆေးဝါးကုသမှုများကို နန်းတော်ရာကျေးရွာ ကျန်းမာရေးဌာနတွင် သွားရောက်ကုသရပါသည်။ ကျေးရွာအုပ်စုတွင် ကျေးလက်ဆေးပေးခန်းရှိသော်လည်း (၁၁)မိုင်ခန့်ဝေးသည့်အတွက် ကျေးရွာအိမ်ထောင်စုအများစုသည် ကျေးလက်ကျန်းမာရေး ဌာနတွင် သွားရောက်ကုသခြင်းမရှိဘဲ သာမန်အဖျားအနည်းငယ်ရှိသူများသည် နီးစပ်ရာဆေးဆိုင်များတွင်သာဆေးဝယ်ယူသောက်သုံးကြပြီး ရောဂါပြင်းထန်လာမှသာ မြိတ်မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။

ပိတောက်ကျေးရွာတွင် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါများ အဖြစ်များပြီး သွေးလွန်တုပ်ကွေး၊ တီဘီ၊ ဝမ်းပျက်ဝမ်းလျှောနှင့် အနည်းအကျဉ်းဖြစ်ပွားလျက်ရှိသည့် အတွက် ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာပေးဟောပြောပွဲများပြုလုပ်နိုင်မည် ဆိုပါက ရောဂါဖြစ်ပွားမှုများ လျှော့ချနိုင်မည်ဖြစ်ပါသည်။ ကာကွယ်ဆေးထိုးနှံမှုများ လစဉ်ပြုလုပ်လျက်ရှိပါသည်။ ကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရေတွင်း(၆)တွင်း ရှိပါသည်။ ကျေးရွာတွင် ကျေးရွာတစ်ရွာလုံးနီးပါးသုံးစွဲရသည့် ချောင်းရေ ရှိပါသည်။ စိမ့်စမ်းရေအရင်း အမြစ်(၂)မိုင်လည်းရှိပါသည်။ ငွေကြေးမတတ်နိုင်သည့်အတွက် ရေပိုက်သွယ်တန်းနိုင်ခြင်း မရှိပါ။ သန့်ရှင်းသော သောက်သုံးရေ ရရှိနိုင်ရန်အတွက် သက်ဆိုင်သည့်ဦးစီးဌာနနှင့် ဆက်သွယ်၍ ရေအရည်အသွေးများကို စမ်းသပ်စစ်ဆေးရန် လိုအပ်နေပါသည်။

ပိတောက်ကျေးရွာတွင် ကျေးရွာတစ်ရွာလုံး မသန့်ရှင်းသောအိမ်သာများကိုသုံးစွဲပါ သည်။ ကျေးရွာသူ/သား များအတွက် ဝမ်းရောဂါနှင့် ပတ်သက်သောရောဂါများ ဖြစ်ပွားမည်ကို စိုးရိမ်ရသည့်အတွက် ကျန်းမာရေးနှင့် ပတ်သက်သော ဟောပြောပွဲများ ကြိုတင်ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ပိတောက်ကျေးရွာတွင် မိသားစုကဲ့သို့စည်းစည်းလုံးလုံးနေထိုင်ကြသဖြင့် ပြဿနာ တစ်စုံတစ်ရာမရှိပါ။ ရံဖန်ရံခါအသေးစားရန်ပွဲများမှလွဲလျှင် ကြီးကြီးမားမားမှုခင်းဖြစ်ပွားမှု မရှိပါ။ ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကျရောက်မှု မရှိပါ။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ထားရှိမှုမရှိပါ။သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပြုန်းတီးနေသော ဒီရေတောများ ကို ပြန်လည်စိုက်ပျိုးနိုင်ရန် ပညာပေးဟောပြောပွဲများပြုလုပ်ခြင်းနှင့် ဒီရေတောများကို

ထိန်းသိမ်းထားရန်လိုအပ်ပါသည်။ အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျစွာ စွန့်ပစ်ရန် အတွက်ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်နေပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျား-မရေးရာကိစ္စရပ်များမှာ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် အရန်မီးသတ်တပ်ဖွဲ့ များတွင် အမျိုးသားများဦးဆောင်ကြပြီး အမျိုးသမီးများမှာ ကျန်းမာရေး၊ ကလေးသူငယ် ဖွံ့ဖြိုးရေးများတွင် ဦးဆောင်ကြပါသည်။ ပရဟိတနှင့် ဘာသာရေးကိစ္စများတွင် ကျား/မ ပူးပေါင်းလုပ်ဆောင်ကြပါသည်။ကျေးရွာတွင် အမျိုးသမီးများသည် စီမံအုပ်ချုပ်မှုစနစ်တွင် မပါဝင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ စည်းစည်းလုံးလုံးနှင့် ပူးပေါင်းပါဝင်လျက်ရှိပါသည်။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ စာပေဟောပြောပွဲများ လိုအပ်နေပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – နန်းတော်ရာ | | | ကျေးရွာအမည် – ပိတောက် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | စီမံခန့်ခွဲရေးသင်တန်း၊ ကျေးလက်လူငယ် စွမ်းဆောင်ရည်မြှင့်သင်တန်းများ ဖွင့်လှစ်ခြင်း။ | |
| ၂ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | ခေါင်းဆောင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | နည်းပညာ | မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။ | |
| ၅ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာသင်တန်း/ ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၆ | စိုက်ပျိုးရေး | မြေယာ/ရေ | ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။ | |
| ၇ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၈ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မြို့နယ် မွေး/ကုဌာနနှင့် စီးပွားဖြစ်မွေးမြူနည်းပညာ သင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန်ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၁၀ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။ | |
| ၁၁ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့် မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်၊ ဖုန်းပြင်) | |

| ကျေးရွာအုပ်စုအမည် – နန်းတော်ရာ | | | ကျေးရွာအမည် – ပိတောက် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁၂ | ထုတ်ကုန်လုပ်ငန်းနှင့်အသေး စား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။ | |
| ၁၃ | ငွေကြေး | အသေးစား | အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။ | |
| ၁၄ | ငွေကြေး | အသေးစား | အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေး နိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။ | |
| ၁၅ | ငွေကြေး | အသေးစား | ငွေစုငွေချေးအသင်းအဖွဲ့များ ဖွဲ့စည်း၍ ငွေထုတ်ချေးခြင်း။ | |
| ၁၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာသင်ကျောင်းတွင် လိုအပ်သော ပရိဘောဂပစ္စည်း ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ခြင်း။ | |
| ၁၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။ | |
| ၁၈ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ရာသီအလိုက်ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၁၉ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်း (၃)လမ်း အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်ခြင်း။ | |
| ၂၀ | အခြေခံအဆောက်အဦ | အမှိုက် စီမံခန့်ခွဲမှု | အမှိုက်များ စည်းစနစ်တကျစွာ စွန့်ပစ်ရန်အတွက် ပူးပေါင်းဆောင်ရွက်ခြင်း။ | |
| ၂၁ | အခြေခံအဆောက်အဦ | သောက်သုံးရေ | လက်တူးတွင်းတူးဖော်၍ ရေပိုက်သွယ်တန်းခြင်း | |
| ၂၂ | အခြေခံအဆောက်အဦ | သောက်သုံးရေ | စိမ့်စမ်းရေသွယ်တန်းခြင်း(၂)မိုင် | |
| ၂၃ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | (၂၄) နာရီ လျှပ်စစ်မီးရရှိရေးအတွက် မဟာဓာတ်အားလိုင်း ချိတ်ဆက်ရရှိအောင် တင်ပြတောင်းခံခြင်း။ | |
| ၂၄ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၂၅ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများ | |

| ကျေးရွာအုပ်စုအမည် – နန်းတော်ရာ | | | ကျေးရွာအမည် – ပိတောက် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| | | | ဖြည့်တင်းခြင်း။ | |
| ၂၆ | လူငယ်နှင့်အားကစား | အားကစား | စာပေဟောပြောပွဲများ ကျင်းပပေးခြင်း။ | |
| ၂၇ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဟောပြောပွဲများ ပြုလုပ်ခြင်း။ | |
| ၂၈ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရားဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၂၉ | သယံဇာတနှင့်သဘာဝ ဝန်းကျင် | သဘာဝဘေး လျော့ချရေး | သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။ | |
| ၃၀ | သယံဇာတနှင့်သဘာဝ ဝန်းကျင် | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ဒီရေတောများကို ပြန်လည်စိုက်ပျိုးရန် ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း။ | |

နောက်ဆက်တွဲ (၁)

## ပိတောက်ကျေးရွာ၊ နန်းတော်ရာကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဇော်သိန်း | ဦးသာဦးဖေ | ၆/မအရ(နိုင်)၀၆၅၆၆၀ | ၄၆ | ဥက္ကဋ္ဌ | ၀၉၄၄၂၅၅၈၉၆၈ |
| ၂ | ဦးထိန်အောင် | ဦးဒါးကြည် | ၆/မမန(နိုင်)၁၇၃၆၄၂ | ၂၇ | အတွင်းရေးမှူး | |
| ၃ | ဒေါ်မိုးသက် | ဦးကြီးတင် | – | ၄၆ | ဘဏ္ဍာရေးမှူး | |
| ၄ | ဒေါ်ခင်ရွှေ | ဦးမျှော် | ၆/မမန(နိုင်)၁၄၉၅၄၀ | ၄၆ | စာရင်းကိုင် | ၀၉၄၄၄၉၃၂၁၈၈ |
| ၅ | ဦးဒေးလပ် | ဦးဘရှင် | ၆/မမန(နိုင်)၁၇၆၉၉၇ | ၄၄ | အဖွဲ့ဝင် | |
| ၆ | ဦးစိုးပိုင် | | ၆/မမန(နိုင်)၁၂၆၉၂၄ | ၄၀ | အဖွဲ့ဝင် | ၀၉၄၅၁၃၅၈၀၉၉ |
| ၇ | ဒေါ်ခင်မာစန်း | ဦးကြည်သာ | ၆/မမန(နိုင်)၁၂၇၆၆၆ | ၄၁ | အဖွဲ့ဝင် | ၀၉၂၆၉၀၄၂၈၄၈ |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | - | ၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၉ | ၈ | ၁၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၁ | ၂၀ | ၃၁ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၅ | ၁၆ | ၃၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၃ | ၆၅ | ၁၂၈ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁ | ၁ | ၂ |
| စုစုပေါင်း | | ၁၀၂ | ၁၁၀ | ၂၁၂ |
| စုစုပေါင်း အိမ်ထောင်စု | | ၄၆ | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊(၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ ပိတောက်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၄၆) အိမ်ရှိပြီး လူဦးရေပေါင်း (၂၁၂) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၄%)၊၅နှစ်အောက်ကလေးအရွယ် (၈.၀၁%)၊ မူလတန်းကျောင်းသားအရွယ် (၁၄.၆၂%)၊ အလယ်တန်း ကျောင်းသားအရွယ် (၁၄.၆၂%)၊ သက်ကြီးရွယ်ကြီးအရွယ်(၀.၉%)ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့်လူဦးရေသည်တစ်ရွာလုံးရှိလူဦးရေ၏(၆၃%) နှင့် အလုပ်လုပ်နိုင်သည့်အရွယ်ကျား(၆၃)ဦး၊မ(၆၅)ဦးစုစုပေါင်း(၁၂၈)ဦးရှိပြီးတစ်ရွာလုံးလူဦးရေ၏(၆၀%)ရှိပါ သည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၆) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် လျော့နည်းနေပါသည်။ ကျေးရွာအတွင်းအလုပ်လုပ်နိုင်သောလူဦးရေများပြားမှုကြောင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်လူ သားအရင်းအမြစ်ကောင်းများအဖြစ်ထောက်ပံ့မှုပေးနိုင်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စုစာရင်း မရရှိသေးသည့် အိမ်ထောင်စုများလည်းရှိပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၉ | ၉၄ | ၁ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၆ | - | မြင့်☐လတ်☑နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☑ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☑ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၂ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☑ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ⊠ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၄ | ၇ | - | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | | | | ⊠ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ**"အရေအတွက်တွင်"**မိသားစုဝင်လုပ်အား**" ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)**" ဆိုသည်မှာ ဖော်ပြပါ

လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏**"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ပိတောက်ကျေးရွာ၏လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်သည့် အိမ်ထောင်စု(၄၂)အိမ်ရှိပြီး၊ ဥယျာဉ်ခြံလုပ်ငန်းကို ကိုယ်ပိုင်လုပ်ကိုင်သည့် အိမ်ထောင်စုများပါသည်။ ကျပန်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၄)စုရှိပါသည်။ အရောင်း အဝယ်ပြုလုပ်သည့် ကျေးရွာသူ/သားများမှာ မြိတ်မြို့နယ်တွင်ရှိသည့် အဒေါ်အိမ်တွင် အရောင်းအဝယ် ပြုလုပ်သူ(၂)ဦးရှိပါသည်။ ကျေးရွာသည်ဆင်းရဲသည့်ကျေးရွာဖြစ်သည့်အတွက် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | - | - | - | - |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅,၀၀၀ | - | ၁၀၀၀၀ | ၆,၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အများဆုံးလုပ်ငန်းအဖြစ် ဥယျာဉ်ခြံ လုပ်ငန်းကိုယ်ပိုင် လုပ်ကိုင်သူများသည့် အတွက်နေ့စားပုတ်ပြတ်လုပ်ကိုင်သည့်သူမရှိပါ။ ဆောက်လုပ်ရေးလုပ်ငန်း

တစ်နေ့တွင် အမျိုးသား(၁၅,၀၀၀မှ ၁၀,၀၀၀) ကျပ်၊ အမျိုးသမီး(၆,၀၀၀မှ ၄,၀၀၀)ကျပ်ရရှိပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၄၇၁.၆၃ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၂၀ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| စားကျက်မြေ | ၁၈ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| မြေလွတ် မြေလပ် | ၈၀ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| **စုစုပေါင်း** | **၅၈၇.၆၃** | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့်မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးမြေအများစုမှာ ကွမ်းသီးနှင့် ရာဘာကို အဓိကစိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးသည် အသင့်တင့်သော အခြေအနေတွင်ရှိပါသည်။ ကွမ်းသီးနှင့်ရာသီစာသီးနှံ(ဆောင်းသီးနှံ)များကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ ရာသီအလိုက်ပိုးမွှားရောဂါကျရောက်ခြင်းများ ရှိသည့်အတွက် နည်းပညာပေးသင်တန်းများ ပို့ချပေးခြင်း စသည်တို့ ပြုလုပ်ရန် လိုအပ်နေပါသည်။

### (ဂ-၂)ခတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ခတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| သဘာဝ အပင်မျိုးစိတ်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ ☐ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| (နွားစာ၊ဆေးဘက်ဝင်အပင်များ) | | |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ပိတောက်ကျေးရွာတွင်သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ နှင့် ကျောက်၊ သဲ၊ ကျောက်စရစ်၊ ထွက်ရှိခြင်းမရှိသည့်အတွက် အခြားကျေးရွာများမှ ဝယ်ယူနေရပြီး သဘာဝအပင်မျိုးစိတ်များ၊ ဘဘာဝတိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ် တွေ့ရှိရပါသည်။

## (ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၃ | ၂၀ | ၁၈ | ၅ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ပိတောက်ကျေးရွာတွင် ကျေးရွာအိမ်ထောင်စု၏(၆.၅%)သည် အဆင်ပြေသောအိမ်ထောင်စုများဖြစ်ကြပြီး၊ အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ (၄၃.၄%) ရှိ သဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက် တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများမှာ(၅၀%)ရှိသည့်အတွက် ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင် အများစုမှာ မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများ ရှိနေပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား= ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ= ___________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား= ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ= ___________ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၁၁ | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား= ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = _____၈______<br>လုပ်အားခကြိုယူ= _____၃______ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ပိတောက်ကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့် အိမ်ထောင်စု(၁၁)စုကို စစ်တမ်းကောက်ယူခဲ့ပါသည်။ စစ်တမ်းကောက်ယူမှုအရ ချေးငွေယူသည့်အိမ်ထောင်စုနှင့် လုပ်အားခကြိုယူသည့် အိမ်ထောင်စု များရှိပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၂ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ပိတောက်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့်ပုဂ္ဂိုလ်များမရှိပါ။ အခြားဒေသသို့ အချိန်ကြာမြင့်စွာ သွားရောက်လုပ်ကိုင် သည့်ဆင်းရဲသည့်အိမ်ထောင်စု(၂)စုရှိပါသည်။ ထိုအိမ်ထောင်စုများမှာ အလယ်ချောင်း ကျေးရွာတွင် (၁)စုနှင့် ချောင်းလမုကျေးရွာတွင် (၁)စုဖြစ်ပြီး မိသားစု စားဝတ်နေရေး အတွက် သွားရောက်လုပ်ကိုင်နေကြပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ပိတောက်ကျေးရွာသည် သဘာဝအရင်းအမြစ်ထွက်ရှိမှု ရှားပါးသည့် ကျေးရွာဖြစ်ပါသည်။စိုက်ပျိုးမြေ တိုးချဲ့နိုင်ခြင်းမရှိပါ။ မိုးခေါင်ခြင်း၊ အအေး လွန်ကဲခြင်း၊ မုန်တိုင်း ကျရောက်ခြင်း၊ ငလျင်လှုပ်ခြင်း၊ စိုက်ပျိုးမြေများတွင် ဆားငန်ရေဝင်ရောက်ခြင်း၊ မြေပြိုခြင်းများ မရှိပါ။ ရံဖန်ရံခါ ဒီရေတက်၍ရေကြီးမှုရှိပါသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် သက်ဆိုင်သည့် ဟောပြောပွဲများပြုလုပ်ပေးရန်လိုအပ်နေပါသည်။ တိရိစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုရှိသည့် အတွက် မွေး/ကုဦးစီးဌာနမှ ဆရာဝန်များနှင့်ချိတ်ဆက်ရမည့် နည်းပညာနှင့် သင်တန်းများ လိုအပ်လျက်ရှိပြီး ကျေးရွာတွင်းရှိလမ်းသည် မိုးရာသီတွင် သွားလာရခက်ခဲသည့် အတွက် ကျန်းမာရေး၊ ပညာရေးအတွက် နှောင့်နှေးကြန့်ကြာ နေရပါသည်။ ကျေးရွာတွင် သစ်တောပြုန်းတီးမှုသည်အမြင့်ဆုံးအခြေအနေဖြစ်နေပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ပိတောက်ကျေးရွာတွင် မြေယာမဲ့ဆင်းရဲသားတောင်သူများမှာ သဘာဝ အရင်းအမြစ်များရှားပါးသည့်အတွက် ကျပန်းအလုပ်များလုပ်ကိုင်နေရပြီး ထိခိုက် သက်ရောက်မှု ခံရနိုင်သည့် အခြေအနေမျိုးတွင်ရှိပြီး ကျေးရွာမှ အခြားဒေသသို့ ရွှေ့ပြောင်းလုပ်ကိုင် သူများ ရှိသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်လိုအပ်လျက်ရှိပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က–၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင် နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ရပ်မိ/ဖအဖွဲ့ | ၁☐ ၂☑ ၃☐ | ၅ | - | ၅ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၂ | ဂေါပကအဖွဲ့ | ၁☐ ၂☐ ၃☑ | ၅ | - | ၅ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၃ | ကာလသား/သမီးအဖွဲ့ | ၁☐ ၂☑ ၃☐ | ၂၀ | ၁၀ | ၃၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၄ | မီးသတ်တပ်ဖွဲ့ | ၁☐ ၂☑ ၃☐ | ၈ | - | ၈ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
